**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**
**ပိုးသတ်ဆေးမှတ်ပုံတင်အဖွဲ့**

စာအမှတ် - ၆၉၇ - ၁ / ၂၀၂၃ (၀၄၀ )
ရက်စွဲ - ၂၀၂၃ ခုနှစ်၊ ဇန်နဝါရီ လ ၁၃ ရက်

အကြောင်းအရာ။ **Chlorantraniliprole အဆိပ်ရှိပစ္စည်းအား မှတ်ပုံတင်လျှောက်ထားခြင်းနှင့်ပတ်သက်၍ ကုမ္ပဏီများ သိရှိလိုက်နာစေရေးအတွက် အသိပေးကြေညာခြင်း**

ရည် ညွှန်း ချက် ။ (၂၉-၁၂-၂၀၂၂) ရက်နေ့တွင် ကျင်းပသော ( ၃၈ )ကြိမ်မြောက် ပိုးသတ်ဆေးမှတ်ပုံတင်အဖွဲ့ အစည်းအဝေးဆုံးဖြတ်ချက်

၁။ မြန်မာနိုင်ငံ ပိုးသတ်ဆေးမှတ်ပုံတင်အဖွဲ့သည် ( ၂၉-၁၂-၂၀၂၂ ) ရက်နေ့တွင် ကျင်းပခဲ့သော (၃၈)ကြိမ်မြောက် ပိုးသတ်ဆေးမှတ်ပုံတင်အဖွဲ့ အစည်းအဝေးဆုံးဖြတ်ချက်အရ ပိုးသတ်ဆေးမှတ်ပုံတင်လျှောက်ထားခြင်းနှင့်ပတ်သက်၍ တီထွင်မှု မူပိုင်ခွင့် Patent ရရှိထားပြီး သော Chlorantraniliprole အဆိပ်ရှိပစ္စည်းအတွက် Single Product ၏ တီထွင်မှုပိုင်ခွင့် သက်တမ်းသည် (၁၃.၈.၂၀၂၂) ရက်နေ့တွင် ကုန်ဆုံးခဲ့ပြီးဖြစ်ပါသည်။

၂။ သို့ဖြစ်ပါ၍ ယင်း Chlorantraniliprole အဆိပ်ရှိပစ္စည်း Single Product အား မှတ်ပုံတင်လျှောက်ထားရာတွင် သက်ဆိုင်သည့် နိုင်ငံ၏ စိုက်ပျိုးရေးသုံးဓါတုပစ္စည်းများနှင့်ပတ်သက်သည့် အာဏာပိုင်အဖွဲ့အစည်းများမှ တရားဝင်ခွင့်ပြုထားသော-

(က) Chlorantraniliprole ထုတ်လုပ်သည့် Certificate Of Manufacture ၊

(ခ) ရောင်းချခွင့်ပြုထားသည့် Certificate Of Free Sale ၊

(ဂ) Registration Certificate From The Country Of Origin စသည့် အထောက်အထားများကို အပြည့်အစုံတင်ပြ လျှောက်ထားရန် သိရှိလိုက်နာစေရေး အသိပေးကြေညာပါသည်။

(ဒေါက်တာရဲတင့်ထွန်း)
အတွင်းရေးမှူး

ဖြန့်ဝေခြင်း
သက်ဆိုင်ရာကုမ္ပဏီများအားလုံး

---

မိတ္တူကို
- ဥက္ကဋ္ဌ၊ ပိုးသတ်ဆေးမှတ်ပုံတင်အဖွဲ့
- ကြော်ငြာသင်ပုန်း
- ရုံးလက်ခံ၊ နေ့စဉ်